# ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းများ

## ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများ ဟူသည်

နိုင်ငံခြားသားများအတွက် ရည်ရွယ်သော ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းဖြစ်သည်။ အဆင့်မြင့်ပညာရေးကို ဆက်တက်၍ ပညာလေ့လာစုဆောင်းလိုသည့် ကျောင်းသားများအတွက်ဂျပန်တက္ကသိုလ်ဝင်ခွင့်ဆိုင်ရာ စာမေးပွဲနှင့် ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှု သင်ကြားပေးသည့်အပြင် ဂျပန်တက္ကသိုလ်စာမေးပွဲ၏ အခြေခံဘာသာရပ်များ (သင်္ချာ၊ သိပ္ပံ၊ အထွေထွေဘာသာရပ်) နှင့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ကြိုတင်ပြင်ဆင်မှုကို ပို့ချပေးသည့် ကျောင်းများလည်း ရှိပါသည်။

## အမျိုးအစား

တက္ကသိုလ်ကို ဆက်တက်ရန် ဂျပန်စာသင်ယူလိုပါက ဂျပန်စာသင်တန်းကျောင်း၊ ပုဂ္ဂလိက တက္ကသိုလ်များနှင့် ကောလိပ်များ၏ နိုင်ငံခြားကျောင်းသား အထူးသင်တန်းတွင် သင်ယူလေ့လာနိုင်ပါသည်။

### 1 ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းများ

ကြီးကြပ်ကွပ်ကဲသူ ៖ ကျောင်းအဖွဲ့အစည်း (အထူးပြုသင်တန်းကျောင်း၊ အထွေထွေကျောင်း)၊ အများပြည်သူဆိုင်ရာ ပေါင်းစပ်အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း၊ တစ်သီးပုဂ္ဂလ စသည့်
ရည်ရွယ်ချက် ៖ (1) ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန် (2) တက္ကသိုလ်စသည့် ဝင်ခွင့်အတွက် ကြိုတင်ပြင်ဆင်ရန်
(3) အခြားရည်ရွယ်ချက်ဖြင့် ဂျပန်စာ သင်ယူရန်
နေထိုင်ခွင့်ပြုချက် "ကျောင်းသား (College Student)"
"ကျောင်းသား (College Student)" ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ကို ရယူပေးနိုင်သော ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းများမှာ တရားဥပဒေရေးရာ ဝန်ကြီးမှထုတ်ပြန်ထားသော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများသာ ဖြစ်သည်။

**တရားရေးဝန်ကြီးမှ အသိအမှတ်ပြုထားသည့်ဂျပန်စာ သင်တန်းကျောင်း (Ministry of Justice)**

i http://www.moj.go.jp/nyuukokukanri/kouhou/nyukan_nyukanho_ho28-2.html

**ဂျပန်စာသင်တန်းကျောင်းများရှာဖွေရန် (Asssociation for the Promotion of Japanese Language Education)**

i http://www.nisshinkyo.org/search/index_e.html

### 2 ပုဂ္ဂလိကတက္ကသိုလ်များနှင့် ကောလိပ်များ၏ နိုင်ငံခြားကျောင်းသား အထူးသင်တန်းများ

ဖွင့်လှစ်ကြီးကြပ်သူ – ပုဂ္ဂလိကတက္ကသိုလ်များနှင့် ကောလိပ်များ
ရည်ရွယ်ချက် – ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန်
နေထိုင်ခွင့် – ပညာတော်သင်
နိုင်ငံခြားကျောင်းသားများ အထူးသင်တန်း "Ryugakusei Bekka" ကို ဂျပန်ဘာသာ အထူးသင်တန်း "Nihongo Bekka" ဟူလည်း ခေါ်ဆိုသည်။ ပုဂ္ဂလိက တက္ကသိုလ်များနှင့် ကောလိပ်များတွင် ဖွင့်လှစ်ထားသည်။ ဂျပန်ဘာသာအပြင် ဂျပန် ယဉ်ကျေးမှု၊ ဂျပန်နိုင်ငံ အခြေအနေ နှင့် တက္ကသိုလ် ဆက်တက်ရန် လိုအပ်သည့် အခြေခံ ဘာသာရပ်များ သင်ယူနိုင်သည်။ တက္ကသိုလ်ဆက်တက်မည်ဆိုပါက သင်တန်းဖွင့်လှစ်ထားသည့် တက္ကသိုလ်ကို ကျောင်း၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ပေးသည့် စနစ်ကိုသုံး၍ ဆက်တက်နိုင်သလို အခြားတက္ကသိုလ်ကိုလည်း ဆက်တက်နိုင်သည်။ တက္ကသိုလ်၏ အဆောက်အအုံ နှင့် ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့် အားသာချက်လည်းရှိသည်။

**ပုဂ္ဂလိက တက္ကသိုလ်များနှင့် ကောလိပ်များ၏ နိုင်ငံခြားကျောင်းသားများ အထူးသင်တန်း ရှာဖွေရန် (JASSO)**

i http://www.jasso.go.jp/en/study_j/search/nihongokyouiku.html

## ကျောင်းဝင်ခွင့်အရည်အချင်း

တက္ကသိုလ်ဆက်တက်ရန်ရည်ရွယ်သည့် သင်တန်းဖြစ်ပါက ပညာရေး (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ကို ၁၂ တန်း အထိ သင်ယူပြီးမြောက်ထားရန် လိုအပ်သည်။ မိမိနိုင်ငံ၏ ပညာရေးစနစ်ကြောင့် ပညာအရည်အချင်းသည် အထက်တန်းအောင်ပြီးသတ်မှတ်ထားသည့် ဘာသာရပ်များကို သင်ယူလေ့လာခြင်း မရှိပါက ဂျပန်တက္ကသိုလ် ဝင်ခွင့်ရ အရည်အချင်း ပြည့်မီခြင်း မရှိပါ။ ထိုသို့ဖြစ်ပါက ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်း "Junbi Kyouiku Katei" ကိုအောင်ပြီးအသက် ၁၈ နှစ် ပြည့်နေလျှင် ဝင်ခွင့် ရရှိနိုင်သည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အထက်တန်း ပညာရေး အောင်မြင် ပြီးဆုံးသူသည် ပညာသင်နှစ် အရေအတွက် ၁၁ နှစ်သာ ရှိသော်လည်း ဂျပန်တက္ကသိုလ်လျှောက်နိုင်သော ပညာအရည်အချင်းရှိကြောင်း သတ်မှတ်ပြီး ဖြစ်ပါသည်။ ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းတွင် အသက်ကန့်သတ်ထားသော ကျောင်းများလည်းရှိပါသည်။ ကျောင်းဝင်ခွင့် လျှောက်လွှာ မတင်မီတွင် မိမိလျှောက်ထားလိုသော ကျောင်းနှင့် ဆက်သွယ်၍ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းကို မေးမြန်းပါ။ ဒါမှမဟုတ် OJEIC နှင့် ဆွေးနွေးတိုင်ပင်ပါ။ တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်းတွင် ဂျပန်စာအပြင် တက္ကသိုလ်ဝင်ရန် လိုအပ်သည့် အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှု၊ သိပ္ပံ စသည့် အခြေခံဘာသာရပ်များကို သင်ယူနိုင်သည်။

**ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် နည်းပညာဝန်ကြီးမှ အသိအမှတ်ပြုထားသည့် တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်း (JASSO)**

i http://www.jasso.go.jp/en/study_j/search/nihongokyouiku.html

## ဝင်ခွင့်လျှောက်ကာလ၊ ကျောင်းစဖွင့်သည့်အချိန်နှင့် သင်တန်းကာလ



ကျောင်းစဖွင့်သည့်အချိန် မတိုင်မီ ၄ လ မှ ၆ လ ကြိုတင်၍ ကျောင်းသားများ ခေါ်ယူပြီး ၄ လပိုင်း နှင့် ၁၀ လပိုင်းတွင် ကျောင်းစဖွင့်သည့် ကျောင်းက များပါသည်။ ပုံမှန်အားဖြင့် သင်တန်းကာလသည် ၁ နှစ် မှ ၂ နှစ်အထိ ဖြစ်ပါသည်။

**လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ**

- ☐ ကျောင်းဝင်ခွင့်လျှောက်လွှာ
- ☐ ကျောင်းတက်လို့သည့် ရည်ရွယ်ချက်
- ☐ အထက်တန်း သို့မဟုတ် တက္ကသိုလ်ရဲ့ရမှတ် မှတ်တမ်း
- ☐ အထက်တန်းကျောင်းပြီးမြောက်ကြောင်း သို့မဟုတ် တက္ကသိုလ်ပြီးမြောက်ကြောင်း (ပြီးမြောက်မည့်အကြောင်း) ထောက်ခံစာ
- ☐ ကုန်ကျစရိတ်ပေးသွင်းနိုင်စွမ်း သက်သေပြသည့် စာရွက်စာတမ်း
- ☐ အခြား

ကျောင်းအလိုက် တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသောကြောင့် အသေးစိတ်ကို လျှောက်ထားလိုသော ကျောင်းသို့ တိုက်ရိုက် မေးမြန်းစုံစမ်းပါ။

## ကျောင်းဂင်ခွင့်စာမေးပွဲ

စာရွက်စာတမ်းပေါ်အခြေခံပြီး စီစစ်တတ်သည်။ သို့သော် ကာယကံရှင်နှင့် အုပ်ထိန်းသူကို အင်တာဗျူး ပြုလုပ်သည့်ကျောင်းနှင့် ဝင်ခွင့်စာမေးပွဲစစ်သည်ကျောင်းလည်း ရှိပါသည်။

### ဂျပန်စာ သင်တန်းကျောင်းကို ရွေးချယ်သည့်အခါ ထည့်သွင်းစဉ်းစားရန်

① တရားရေးဝန်ကြီးမှ အသိအမှတ်ပြုထားသည့် ဂျပန်စာသင်တန်း

② စာသင်သည့် ရည်ရွယ်ချက်သည် စကားပြောတတ်ရန်အတွက်လား။ တက္ကသိုလ်ဆက်တက်ရန် အတွက်လား။ လုပ်ငန်းသုံးဂျပန်ဘာသာသင်ယူရန် အတွက်လား။

③ ကျောင်းသား၏ ဂျပန်စာအရည်အချင်းနှင့် ကိုက်ညီသော အဆင့်ကို ခွဲခြားပြီး သင်ကြားပေးပါသလား။ အတန်း 1 တန်းတွင်ရှိသော လူဦးရေမှာ ?

④ ကျောင်းသားဦးရေ၊ သင်ကြားရေး ဝန်ထမ်းဦးရေ၊ ကျောင်း၏ အရွယ်အစား၊ ကျောင်းသားများနှင့် သင်ကြားရေး ဝန်ထမ်းများ၏ အချိုးအစား

⑤ နိုင်ငံခြားကျောင်းသားများ၏ နိုင်ငံသားစာရင်း၊ တရုတ်စာလုံး (ခန်းဂျီး) ကို သုံးသည့်နိုင်ငံများမှ လာသည့် ကျောင်းသားများသလား။ တရုတ်စာလုံး မသုံးသည့် နိုင်ငံများမှလာသည့် ကျောင်းသားများအတွက် ဂရုစိုက် စီစဉ်ပေးထားသလား။

⑥ အထွေထွေသင်တန်းချိန် အရေအတွက် နှင့် ဘာသာရပ်အလိုက် အတန်းချိန် အရေအတွက်မှာ ?

⑦ ဂျပန်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ (EJU) နှင့် ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ (JLPT) အတွက် ကြိုတင်ပြင်ဆင်မှု သင်ကြားပေးသလား။ အခြေခံဘာသာရပ်များ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ကမ္ဘာ့သမိုင်း၊ ပထဝီကို သင်ကြားပေးသလား။

⑧ ရှေ့ဆက်ရမည့်လမ်းအား လမ်းညွှန်ပေးခြင်းနှင့်နေရေးထိုင်ရေးအတွက် ဆွေးနွေးတိုင်ပင်ပေးခြင်းကို ပြုလုပ်ပေးပါသလား။

⑨ ကျောင်းသားများသည် ကျောင်းပြီးလျှင် ဘာဆက်လုပ်ကြသလဲ။

⑩ အတန်းချိန်အရေအတွက်၊ ဆရာအရေအတွက်၊ အထောက်အပံ့ပစ္စည်း ပစ္စယ အစရှိသည်နှင့် လျော်ညီသော ကျောင်းလခ ပမာဏ ဖြစ်သလား ?

⑪ ကျောင်းဝင်ခွင့်စာမေးပွဲ စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်းပဲလား။ အာမခံသူ နှင့်ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသော ဆက်သွယ်ရန်လူများနှင့် အင်တာဗျူး ရှိပါသလား။ ဂျပန်နိုင်ငံပြင်ပတွင်လည်း စစ်ဆေးရွေးချယ်မှုကို လုပ်ဆောင်နေပါသလား။

⑫ ကျောင်းသည် မြို့ကြီးတွင် တည်ရှိသလား။ နယ်တွင် ရှိသလား။ မိမိနှင့် ရာသီဥတု အခြေအနေ လိုက်လျောညီထွေမှု ရှိသလား။

⑬ ကျောင်းတွင် အဆောင်ရှိသလား။ နေစရာတိုက်ခန်းများ ရှာဖွေပေးသလား။

**Q** တက္ကသိုလ်တက်ရန် အစီအစဉ် မရှိပါ။ ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းတွင် လုပ်ငန်းသုံး ဂျပန်ဘာသာစကားကိုသာ သင်ယူနိုင်ပါသလား။

**A** ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းများသည် စာသင်မည့်ရည်ရွယ်ချက်ပေါ်မူတည်ပြီး သင်တန်းအမျိုးမျိုး စီစဉ်ထားပါသည်။ ကျောင်းဆက်တက်ဖို့ ရည်ရွယ်တဲ့ သင်တန်းအပြင် စားဝတ်နေရေးအတွက် အခြေခံဂျပန်စာသင်တန်း၊ လုပ်ငန်းသုံး ဂျပန်ဘာသာစကားကို သင်ပေးတဲ့ သင်တန်းတွေလည်း ရှိပါတယ်။ အသေးစိတ်ကို မိမိတက်ချင်တဲ့ ကျောင်းမှာ စုံစမ်းပါ။

**Q** လက်ရှိတက်ရောက်နေသော ဂျပန်စာသင်ကြားမှု အဖွဲ့အစည်းမှ အခြား ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းသို့ ကျောင်းပြောင်းတက်နိုင်ပါသလား။

**A** မူအားဖြင့် ကျောင်းပြောင်းတက်လို့ မရနိုင်ပါ။
ကျောင်းဝက်ဘ်ဆိုက်နှင့် ကျောင်းလမ်းညွှန်၊ ကျောင်းလိုအပ်ချက်များကို ဖတ်ရှုလေ့လာခြင်း၊ လက်ရှိတက်ရောက်နေသော ကျောင်းသားများနှင့် ကျောင်းပြီးသူများ၏ တိုက်ရိုက်စကားကို မေးမြန်းနားထောင်ခြင်းများ ပြုလုပ်၍ အချက်အလက်များကို သေချာစွာ စုဆောင်းကာ၊ သတိရှိစွာဖြင့် ကျောင်းကို ရွေးချယ်ကြပါ။

Japanese Language School Association（JaLSA） http://www.jalsa.jp/